| | |
|---|---|
| **မူဝါဒ၏အမည်** | **"လိင်ပိုင်းဆိုင်ရာ ထိပါးနှောင့်ယှက်ခြင်း၊ အမြတ်ထုတ်ခြင်းနှင့် မဖွယ်မရာပြုမူခြင်း ဆိုင်ရာ အကာကွယ်ပေးရေးမူဝါဒ"** |
| **တာဝန်ခံဝန်ကြီးဌာန** | အမျိုးသမီး၊ လူငယ်၊ ကလေးသူငယ်ရေးရာဝန်ကြီးဌာန |
| **ရေးဆွဲသည့်ရက်စွဲ** | ၂၃-၁၀-၂၀၂၂ |
| **အတည်ပြုသည့်ရက်စွဲ** | ၂၈-၂-၂၀၂၃ |
| **ခွင့်ပြုသည့်ရက်စွဲ** | ၁-၃-၂၀၂၃ |
| **စတင်အသက်ဝင်သည့်ရက်စွဲ** | ၈-၃-၂၀၂၃ |
| **ပြန်လည်သုံးသပ်ရမည့်ရက်စွဲ** | ၈-၃-၂၀၂၄ |

**မာတိကာ** **စာမျက်နှာ**


၁။ နိဒါန်း ..... 3

၂။ ရည်ရွယ်ချက် ..... 5

၃။ အမည်နှင့် အဓိပ္ပာယ်ဖွင့်ဆိုချက်များ ..... 5

၄။ မူဝါဒသက်ရောက်ခြင်း ..... 8

၅။ လိင်ပိုင်းဆိုင်ရာ ထိပါးနှောင့်ယှက်ခြင်း၊ အမြတ်ထုတ်ခြင်းနှင့် မဖွယ်မရာပြုခြင်း ဆိုင်ရာ အကာအကွယ်ပေးရေး ဗဟိုကော်မတီ၊ လုပ်ငန်းကော်မတီနှင့် မြို့နယ်အဆင့်အဖွဲ့ များ၊ တိုင်းရင်းသားတော်လှန်ရေးအဖွဲ့နယ်မြေများအတွင်း ပူးပေါင်းဆောင်ရွက်ရေး အဖွဲ့များ ဖွဲ့စည်းခြင်းနှင့် ယင်းတို့၏ လုပ်ငန်းတာဝန်များ သတ်မှတ်ခြင်း ..... 8

၆။ တာဝန်နှင့် ဝတ္တရားများ ..... 14

၇။ ကျင့်ဝတ် ..... 15

၈။ သတင်းပို့တိုင်ကြားခြင်း ..... 16

၉။ တိုင်ကြားသူအား အကာအကွယ်ပေးခြင်း ..... 17

၁၀။ အကူအညီပေးခြင်း ..... 17

၁၁။ အကောင်အထည်ဖော်ခြင်း ..... 17

၁၂။ အရေးယူခြင်း ..... 19

၁၃။ အယူခံခြင်း ..... 21

၁၄။ စောင့်ကြည့်လေ့လာခြင်းနှင့် ပြန်လည်သုံးသပ်ခြင်း ....... 21

၁၅။ ဆက်စပ်မူဝါဒ ....... 22

## ၁။ နိဒါန်း

မြန်မာနိုင်ငံသည် နိုင်ငံတကာသဘောတူစာချုပ်များဖြစ်သည့် အမျိုးသမီးများအပေါ် နည်းမျိုးစုံဖြင့် ခွဲခြားမှုပပျောက်ရေးဆိုင်ရာ ကုလသမဂ္ဂသဘောတူစာချုပ် ( United Nations Convention on the Elimination of All Forms of Discrimination) အား ၁၉၉၇ ခုနှစ်၊ ဇူလိုင်လ (၂၂) ရက်နေ့တွင် လည်းကောင်း၊ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂသဘောတူစာချုပ် (United Nations Convention on the Rights of the Child) အား ၁၉၉၁ ခုနှစ်၊ ဇူလိုင်လ (၁၅) ရက်နေ့တို့တွင် လည်းကောင်း အသီးသီး အတည်ပြု လက်မှတ်ရေးထိုးခဲ့ပါသည်။ လက်မှတ်ရေးထိုးထားသည့် အဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံအနေဖြင့် သဘောတူစာချုပ်များပါ အချက်များကို အကောင်အထည်ဖော်ရန် တာဝန်ဝတ္တရား အပြည့်အဝရှိပါသည်။

ထို့ကြောင့် မြန်မာနိုင်ငံတွင် ပထမဦးဆုံး တည်ထောင်ဖွဲ့စည်းသည့် အမျိုးသမီး၊ လူငယ်နှင့် ကလေးသူငယ်ရေးရာဝန်ကြီးဌာနသည် ၂၀၂၁ ခုနှစ် မြန်မာ့နွေဦးတော်လှန်ရေးကာလတွင် ရှုပ်ရှုပ်ချုံချုံ တိုက်ပွဲဝင်ခဲ့ကြသော အမျိုးသမီး၊ လူငယ်၊ ကလေးသူငယ်များနှင့် လိင်စိတ်ကွဲပြားသူများအားလုံး၏ ရဲရင့်သတ္တိရှိမှု၊ စည်းလုံးညီညွတ်မှုများကို ကိုယ်စားပြုနိုင်ရေးနှင့်ယင်းတို့၏ လွတ်လပ်မှုနှင့် လုံခြုံမှုကို ကာကွယ်ပေးနိုင်ရေးအတွက် ဤဝန်ကြီးဌာနကို ဖွဲ့စည်းထားရခြင်းဖြစ်ပါသည်။

စစ်အာဏာသိမ်းရန် ကြိုးစားပြီးသည့်နောက်တွင် စစ်အာဏာသိမ်းကောင်စီသည် အမျိုးသမီးများအပေါ် အကြမ်းဖက် ရိုက်နှက်မှုများ၊ အတင်းအဓမ္မပြုကျင့်မှုများ၊ ကလေးသူငယ်များပေါ် ဖမ်းဆီးနှိပ်စက် သတ်ဖြတ်ခြင်းများ အပါအဝင် မြန်မာ့နွေဦးတော်လှန်ရေးတွင် တစ်ထောင့်တစ်နေရာမှ ပါဝင်ခဲ့ကြသော လူထုလူတန်းစား အသီးသီးများအပေါ် အတင်းအဓမ္မဖမ်းဆီးနှိပ်စက်သတ်ဖြတ်ခြင်းနှင့် ဥပဒေမဲ့ ထောင်တွင်းအကျဉ်းချခြင်းများကို စဉ်ဆက်မပြတ် ပြုလုပ်လျက် ရှိပါသည်။

သို့အတွက် ဤဝန်ကြီးဌာနအနေဖြင့် မြန်မာနိုင်ငံတွင်းရှိ တိုင်းရင်းသား ညီအစ်ကို မောင်နှမများ ၊ အမျိုးသမီးများ၊ လူငယ်၊ ကလေးသူငယ်များနှင့် လိင်စိတ်ကွဲပြားသူများအားလုံးအတွက် လွတ်လပ်မှု၊

လုံခြုံမှု၊ တရားမျှတမှုရရှိစေရန် အစွမ်းကုန် ကြိုးစားဆောင်ရွက်သွား ပါမည်ဟု သန္နိဋ္ဌာန်ပြုထားပါသည်။ ထိုသန္နိဋ္ဌာန်အောင်မြင်ဖို့ရန်အတွက် ချမှတ်ထားသော ရေရှည်မျှော်မှန်းချက်မှာ ဝန်ကြီးဌာနသည် ပြည်သူလူထုမှ ဦးဆောင်သည့် ၊ ဘက်စုံဖွံ့ဖြိုးတိုးတက်သော ပြည်ထောင်စု ဖက်ဒရယ် မြန်မာနိုင်ငံတော် အတွင်း အမျိုးသမီးများ၊ လူငယ်၊ ကလေးသူငယ်များနှင့် လိင်စိတ်ကွဲပြားသူများအနေဖြင့် အခွင့်အလမ်း များတွင်တန်းတူ ညီမျှမှုရရှိ၍ ခွဲခြားပစ်ပယ်မှုကင်းရှင်းပြီး သာယာဝပြောသော၊ လုံခြုံသော ဘဝများ ရရှိရေးကို မျှော်မှန်းသည်။

ယင်းမျှော်မှန်းချက်များကို အကောင်အထည်ဖော်ရန်အတွက် ဝန်ကြီးဌာနသည် အောက်ပါ ဦးတည်ချက် ( ၃ ) ရပ်တို့ကို ချမှတ်ထားပါသည်-

၁။ ကြားကာလအတွင်းနှင့် အသွင်ကူးပြောင်းရေးကာလအတွင်း အမျိုးသမီးများ၊ လူငယ်၊ ကလေးသူငယ်များနှင့် လိင်စိတ်ကွဲပြားသူများအားလုံး၏ အခွင့်အရေး ချိုးဖောက် ခံရမှုများကို အကာအကွယ်ပေးနိုင်ရန်နှင့် အခွင့်အရေးအပြည့်အဝ ရရှိနိုင်စေရန်၊

၂။ အမျိုးသမီး၊ လူငယ်၊ ကလေးသူငယ်များနှင့် လိင်စိတ်ကွဲပြားသူများ၏ လုံခြုံရေးနှင့် ရှင်သန်ရပ်တည်ရေးတို့အတွက် တတ်စွမ်းသမျှ ထောက်ပံ့ပေးရန်၊

၃။ အမျိုးသမီး၊ လူငယ်၊ ကလေးသူငယ်များနှင့် လိင်စိတ်ကွဲပြားသူများ၏ လူမှုရေး၊ ကျန်းမာရေး၊ စီးပွားရေး အစရှိသည့် အခန်းက□များတွင် စနစ်တကျ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရန်နှင့် က□အသီးသီးတွင် ပါဝင်နိုင်မှုမြှင့်တင်နိုင်ရန် တို့ ဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် ၂၀၂၁ခုနှစ် စစ်အာဏာသိမ်းရန် ကြိုးစားပြီးသည့်နောက်ပိုင်းကာလတွင် အမျိုးသမီး၊ လူငယ်၊ ကလေး သူငယ်များနှင့် လိင်စိတ်ကွဲပြားသူများအပေါ် လိင်ပိုင်းဆိုင်ရာ ထိပါးနှောင့်ယှက်ခြင်း၊ အမြတ်ထုတ်ခြင်းနှင့် မဖွယ်မရာပြုမူခြင်း ဖြစ်ရပ်များ တစ်စတစ်စ များပြား လာသည်ကို တွေ့ရပါသည်။ ယင်းသို့အာဏာသိမ်းရန်ကြိုးစားပြီးနောက်ပိုင်းမှစ၍ လိင်ပိုင်းဆိုင်ရာနှင့် ပတ်သက်သည့် ဖြစ်ရပ်များကို အမျိုးသမီး၊ လူငယ်နှင့် ကလေးသူငယ်ရေးရာ ဝန်ကြီးဌာနသို့ တိုင်ကြားမှုများ ရှိခဲ့ပါသည်။ တိုင်ကြားမှုများရှိခဲ့သော်လည်း တိုင်ကြားမှုများအား စနစ်တကျ၊ အချိန်နှင့်တစ်ပြေးညီ အရေးယူ တုံ့ပြန်နိုင်ရန်အတွက် အကောင်အထည်ဖော် ဆောင်ရွက်မည့် မူဝါဒနှင့် လုပ်ထုံးလုပ်နည်းများမရှိခဲ့သည့် နှောင့်နှေးကြန့်ကြာမှုများ ကြုံတွေ့ခဲ့ရခြင်း၊ လိုအပ်သည့် ကုစားမှုများနှင့် အကူအညီများကို အချိန်မီပံ့ပိုး ကူညီမှုများပေးနိုင်ရေးကို အခက်အခဲများ

ဖြစ်စေခဲ့ပါသည်။ သို့အတွက် အမျိုးသားညီညွတ်ရေး အစိုးရအနေဖြင့် ကြုံတွေ့ခဲ့ရသည့် အခက်အခဲများ ဖြေရှင်းဆောင်ရွက်နိုင်ရန်နှင့် ကျူးလွန်သူများ လွတ်မြောက်နေသည့်အလေ့အထ မဖြစ်ပေါ်စေဘဲ ၎င်းတို့ကျူးလွန်သည့် ဖြစ် ရပ်အလိုက် ကျူးလွန်သူများအား ထိုက်သင့်သည့် အပြစ်ပေး အရေးယူနိုင်ရန် အမျိုးသမီး၊ လူငယ်နှင့် ကလေးသူငယ်ရေးရာဝန်ကြီးဌာန၊ ကာကွယ်ရေးဝန်ကြီးဌာန၊ ပြည်ထဲရေးနှင့်လူဝင်မှုကြီးကြပ်ရေး ဝန်ကြီးဌာန၊ လူ့အခွင့်အရေးဆိုင်ရာဝန်ကြီးဌာန၊ တရားရေး ဝန်ကြီးဌာန တို့နှင့် အရပ်ဖက်အဖွဲ့အစည်းများ၊ ကျွမ်းကျင်ပညာရှင်များမှ၍မူဝါဒအား ကြိုးစား အားထုတ် ရေးသားခဲ့ခြင်းဖြစ်ပါသည်။

## ၂။ ရည်ရွယ်ချက်

ယခုမူဝါဒ ရေးဆွဲရခြင်း၏ အဓိက ရည်ရွယ်ချက်မှာ အမျိုးသားညီညွတ်ရေးအစိုးရ လက်အောက်ရှိ ဝန်ထမ်းများ၊ ပြည်သူ့ကာကွယ်ရေးအဖွဲ့အစည်းဝင်များ၊ ဝန်ကြီးဌာနများနှင့်ဆက်စပ်ပတ်သက်သူများက အမျိုးသမီးများ၊ လူငယ်၊ ကလေး သူငယ်များနှင့် လိင်စိတ်ကွဲပြားသူများအပေါ် လိင်ပိုင်းဆိုင်ရာ ထိပါး နှောင့်ယှက်ခြင်း၊ အမြတ်ထုတ်ခြင်း၊ မဖွယ်မရာပြုမူခြင်းများမရှိစေရန် စနစ်တကျ အကာအကွယ် ပေးနိုင်ရေးနှင့် လိင်ပိုင်းဆိုင်ရာ ထိပါးနှောင့်ယှက်ခြင်း၊ အမြတ်ထုတ်ခြင်း၊ မဖွယ်မရာပြုမူခြင်း ကျူးလွန်သူများအား ထိထိရောက်ရောက် အရေးယူမှုများ ပြုလုပ်နိုင်ရန် ဖြစ်ပါသည်။

## ၃။ အမည်နှင့် အဓိပ္ပာယ်ဖွင့်ဆိုချက်များ

**မူဝါဒ** - မူဝါဒဆိုသည်မှာ လိင်ပိုင်းဆိုင်ရာ ထိပါးနှောင့်ယှက်ခြင်း၊ အမြတ်ထုတ်ခြင်းနှင့် မဖွယ်မရာပြုမူခြင်း ဆိုင်ရာ အကာကွယ်ပေးရေး မူဝါဒကို ဆိုသည်။

**အစိုးရ** - အစိုးရဆိုသည်မှာ အမျိုးသားညီညွတ်ရေးအစိုးရ ကိုဆိုသည်။

**ပြည်ထောင်စုဝန်ကြီးဌာန** - ပြည်ထောင်စုဝန်ကြီးဌာန ဆိုသည်မှာ အမျိုးသားညီညွတ်ရေးအစိုးရ၊ ပြည်ထောင်စု ဝန်ကြီးဌာနအားလုံး ကိုဆိုလိုသည်။

**ဗဟိုကော်မတီ** - ဗဟိုကော်မတီဆိုသည်မှာ လိင်ပိုင်းဆိုင်ရာ ထိပါးနှောင့်ယှက်ခြင်း၊ အမြတ်ထုတ်ခြင်းနှင့် မဖွယ်မရာပြုမူခြင်း ဆိုင်ရာ အကာကွယ်ပေးရေးဗဟိုကော်မတီကို ဆိုသည်။

**လုပ်ငန်းကော်မတီ** - လုပ်ငန်းကော်မတီဆိုသည်မှာ လိင်ပိုင်းဆိုင်ရာ ထိပါးနှောင့်ယှက်ခြင်း၊ အမြတ်ထုတ်ခြင်းနှင့် မဖွယ်မရာပြုမူခြင်း ဆိုင်ရာ အကာကွယ်ပေးရေး လုပ်ငန်းကော်မတီကိုဆိုသည်။

**မြို့နယ်အဆင့်အဖွဲ့** - မြို့နယ်အဆင့်အဖွဲ့ဆိုသည်မှာ လိင်ပိုင်းဆိုင်ရာ ထိပါးနှောင့်ယှက်ခြင်း၊ အမြတ်ထုတ်ခြင်းနှင့် မဖွယ်မရာပြုမူခြင်း ဆိုင်ရာ အကာကွယ်ပေးရေးမြို့နယ်အဆင့်အဖွဲ့ကို ဆိုသည်။

**ဝန်ထမ်း** - ဝန်ထမ်းဆိုသည်မှာ အမျိုးသားညီညွတ်ရေးအစိုးရ၊ ပြည်ထောင်စုဝန်ကြီးဌာန အားလုံးမှ ပြည်ထောင်စုဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ တွဲဖက်အမြဲတမ်းအတွင်းဝင်များ၊ ဒုတိယအမြဲတမ်း အတွင်းဝန်များ၊ ဌာနမှူးများ၊ အရာရှိများ၊ ပြောရေးဆိုခွင့်ရှိသူများ၊ ဝန်ကြီးဌာန၏ လုပ်ထုံးလုပ်နည်းအရတရားဝင် ခန့်အပ်ထားခြင်းခံရသူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ အဖြစ် ခန့်အပ်ထားခြင်းခံရသူများ အားလုံးကိုဆိုသည်။

**ပြည်သူ့ကာကွယ်ရေးအဖွဲ့အစည်းဝင်များ-** ကာကွယ်ရေးဝန်ကြီးဌာန၏ကွပ်ကဲမှုအောက်တွင်ရှိသော အတည်ပြုထားသော တပ်ရင်း၊တပ်ဖွဲ့၊ စစ်ကြောင်းများ၊ တိုင်း၊ခရိုင်၊မြို့နယ်၊တိုက်နယ် အလိုက် ဖွဲ့စည်းထားသော ပြည်သူ့ကာကွယ်ရေးအဖွဲ့များ၊ ဒေသခံပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များ တို့တွင် ပါဝင် နေကြသည့် အဖွဲ့ဝင်များအားလုံးကိုဆိုသည်။

**ဝန်ကြီးဌာနအားပံ့ပိုးကူညီကြသူများ** - ဝန်ကြီးဌာနအားပံ့ပိုးကူညီကြသူများ ဆိုသည်မှာ ပြည်ထောင်စုဝန်ကြီးဌာနများ၏ လုပ်ငန်းများဆောင်ရွက်ရာတွင် ပူးပေါင်းပါဝင်ကူညီကြသူများ၊ အကြံပေးပုဂ္ဂိုလ်များ၊ အကြံပေးဘုတ်အဖွဲ့ဝင်များ၊ နည်းပညာပံ့ပိုးကူညီ ပေးသူများ၊ သက်ဆိုင်ရာ ဝန်ကြီးဌာနနှင့် ချိတ်ဆက်၍ ရန်ပုံငွေရှာဖွေရာတွင် ကူညီကြသူများအားလုံးကိုဆိုသည်။

**မိတ်ဖက်ပြုထားသူများ** - မိတ်ဖက်ပြုထားသူများ ဆိုသည်မှာ ဝန်ကြီးဌာနအသီးသီး၏ လုပ်ငန်းလိုအပ်ချက်အရ မိတ်ဖက် အဖြစ် သတ်မှတ်ဆောင်ရွက်နေသည့် အဖွဲ့အစည်းများနှင့် ယင်းတို့၏အဖွဲ့ဝင်များအားလုံး၊ သက်ဆိုင်ရာ ဝန်ကြီး ဌာန၏အထူး လုပ်ထုံးလုပ်နည်းအရ မိတ်ဖက်ပြု၍ ချိတ်ဆောင်ဆောင်ရွက်နေကြသည့် အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များအားလုံးကို ဆိုသည်။

**အခြားပတ်သက်ဆက်နွယ်သူများ -** အခြားပတ်သက်ဆက်နွယ်သူများဆိုသည်မှာ - အထက်တွင် ဖော်ပြထားသည့်သူများတွင်မပါဝင်ဘဲ အမျိုးသားညီညွတ်ရေးအစိုးရ စီမံအုပ်ချုပ်မှုအောက် တွင်ရှိသော အဖွဲ့တစ်ခုခုဖြင့်ပတ်သက်ဆက်နွယ် သူများ၊ အမျိုးသားညီညွတ်ရေးအစိုးရနှင့် တစ်နည်းနည်းဖြင့် ပတ်သက်ဆက်နွယ်သူများ အားလုံးကိုဆိုသည်။

## လိင်ပိုင်းဆိုင်ရာ ထိပါးနှောင့်ယှက်ခြင်း (Sexual Harassment)

လိင်ပိုင်းဆိုင်ရာ ထိပါးနှောင့်ယှက်ခြင်း ဆိုသည်မှာ မလိုလားသော စကားလုံးများ၊ အမူအရာများ၊ လိင်ပိုင်းဆိုင်ရာကမ်းလှမ်းမှုများ၊ လိင်ပိုင်းဆိုင်ရာလိုက်လျောမှု သို့မဟုတ် ထိတွေ့မှုပြုလုပ်ရန်အတွက် တောင်းဆိုမှုများနှင့်ရုပ်ပုံများ၊ ဗီဒီယိုများ၊ အသံ သို့မဟုတ် စာသား စသော မလိုလားဖွယ်ဖြစ်သည့် လိင်ပိုင်းဆိုင်ရာ အတိအလင်း ထုတ်ဖော်ပြမှုများကို အသုံးပြုကာ သို့မဟုတ် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာတစ်ခုခုမှတဆင့် ပေးပို့ကာ ထိပါးနှောင့်ယှက်သော လိင်ပိုင်းဆိုင်ရာထိပါး နှောင့်ယှက်မှုများ ပါဝင်သည်။

## လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်ခြင်း (Sexual exploitation)

လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်ခြင်းဆိုသည်မှာ ငွေကြေးအကျိုးအမြတ်အရ သော်လည်းကောင်း၊ လူမှုရေး၊ နိုင်ငံရေး အကျိုးအမြတ်အတွက် သော်လည်းကောင်း၊ အခွင့်အာဏာ ကွာခြားခြင်းကို အကြောင်းပြု၍ သော်လည်းကောင်း၊ ယုံကြည်မှုကို အလွဲသုံးစားပြုခြင်းကို အကြောင်းပြု၍ သော်လည်းကောင်း၊ အင်အားချိနဲ့သောသူများအပေါ် လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်ရန် ရည်ရွယ်၍ ပြုမူဆောင်ရွက်ခြင်းကို ဆိုလိုသည်။

## လိင်ပိုင်းဆိုင်ရာ မဖွယ်မရာပြုမူခြင်း (Sexual abuse)

လိင်ပိုင်းဆိုင်ရာ မဖွယ်မရာပြုမူခြင်း ဆိုသည်မှာ ခြိမ်းခြောက်၍ သော်လည်းကောင်း၊ တန်းတူညီမျှမှု မရှိသော အခြေအနေတွင်လည်းကောင်း၊ အင်အားသုံး၍ ကိုယ်ခန္ဓာကို အနှောင့်အယှက် (သို့မဟုတ်) ထိခိုက် စေနိုင်သော လိင်ပိုင်းဆိုင်ရာအကြမ်းဖက်ခြင်းများအားလုံးကိုဆိုသည်။

## ၄။ မူဝါဒသက်ရောက်ခြင်း

ဤမူဝါဒသည် အမျိုးသားညီညွတ်ရေးအစိုးရ၊ ဝန်ကြီးဌာနအားလုံး၏လက်အောက်တွင်ရှိသော ဝန်ထမ်းများ၊ ပြည်သူ့ကာကွယ်ရေးအဖွဲ့အစည်းဝင်များ၊ ဝန်ကြီးဌာနအား ပံ့ပိုးကူညီကြသူများ၊ မိတ်ဖက်ပြုထားသူများနှင့် အခြား ပတ်သက်ဆက်နွယ်သူများအားလုံးနှင့်သက်ဆိုင်သည်။

## ၅။ လိင်ပိုင်းဆိုင်ရာ ထိပါးနှောင့်ယှက်ခြင်း၊ အမြတ်ထုတ်ခြင်းနှင့် မဖွယ်မရာပြုခြင်းဆိုင်ရာ အကာအကွယ်ပေးရေး ဗဟိုကော်မတီ၊ လုပ်ငန်းကော်မတီနှင့် မြို့နယ်အဆင့်အဖွဲ့များ၊ တိုင်းရင်းသားတော်လှန်ရေးအဖွဲ့နယ်မြေများအတွင်း ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့များ ဖွဲ့စည်းခြင်းနှင့် ယင်းတို့၏ လုပ်ငန်းတာဝန်များ သတ်မှတ်ခြင်း

### ၅.၁ လိင်ပိုင်းဆိုင်ရာ ထိပါးနှောင့်ယှက်ခြင်း၊ အမြတ်ထုတ်ခြင်းနှင့် မဖွယ်မရာပြုခြင်းဆိုင်ရာ အကာအကွယ် ပေးရေး ဗဟိုကော်မတီ ဖွဲ့စည်းခြင်း

အမျိုးသားညီညွတ်ရေးအစိုးရအဖွဲ့၏ အစည်းအဝေး ဆုံးဖြတ်ချက်အရ လိင်ပိုင်းဆိုင်ရာ ထိပါးနှောင့်ယှက်ခြင်း၊ အမြတ်ထုတ်ခြင်း နှင့် မဖွယ်မရာပြုမူခြင်းဆိုင်ရာ အကာကွယ်ပေးရေး ဗဟိုကော်မတီကို ဖွဲ့စည်းရမည်ဖြစ်ပါသည်။ ဗဟိုကော်မတီကို အောက် ဖော်ပြပါ ဖွဲ့စည်းပုံဖြင့် ဖွဲ့စည်းရမည်။ လိုအပ်ပါက လိုအပ်ချက်နှင့်အညီ ပြင်ဆင်ဖွဲ့စည်းနိုင်ပါသည်။ ဗဟိုကော်မတီ၏ သက်တမ်းကို ( ၂ )နှစ် သတ်မှတ်သည်။

| | | |
|---|---|---|
| (က) | အမျိုးသမီး၊ လူငယ်နှင့် ကလေးသူငယ်ရေးရာဝန်ကြီးဌာန၊ ဝန်ကြီး | ဥက္ကဋ္ဌ |
| (ခ) | သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများ သို့မဟုတ် ညွှန်ကြားရေးမှူးချုပ်များ/ အမြဲတမ်းအတွင်းဝန်များ | အဖွဲ့ဝင် |
| (ဂ) | အမျိုးသမီးအဖွဲ့အစည်းများမှ ရွေးချယ်ပေးသော ကိုယ်စားလှယ် ( ၂ ) ဦး | အဖွဲ့ဝင် |

(ဃ) လူငယ်အဖွဲ့အစည်းများမှ ရွေးချယ်ပေးသော ကိုယ်စားလှယ် (၂) ဦး အဖွဲ့ဝင်

(င) ကလေးသူငယ်အရေးဆောင်ရွက်နေသည် အဖွဲ့အစည်းများမှ ရွေးချယ်ပေးသော အဖွဲ့ဝင် ကိုယ်စားလှယ် (၂) ဦး

(စ) အမျိုးသမီး၊ လူငယ်နှင့် ကလေးသူငယ်ရေးရာဝန်ကြီးဌာန၊ အတွင်းရေးမှူး ညွှန်ကြားရေးမှူးချုပ်/အမြဲတမ်းအတွင်းဝန်

## လုပ်ငန်းတာဝန်များ

ဗဟိုကော်မတီ၏လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်။ လုပ်ငန်းတာဝန်များကို လိုအပ်ချက်ပေါ် မူတည်၍ ပြင်ဆင်ဖြည့်စွက်မှုများ ပြုလုပ်နိုင် ပါသည်။

(က) လိင်ပိုင်းဆိုင်ရာ ထိပါးနှောင့်ယှက်ခြင်း၊ အမြတ်ထုတ်ခြင်းနှင့် မဖွယ်မရာပြုခြင်းဆိုင်ရာ မူဝါဒ နှင့် ပတ်သက်၍ လုပ်ငန်းအစီအစဉ်များရေးဆွဲခြင်း၊ စောင့်ကြည့်လေ့လာခြင်း၊ အကဲဖြတ်သုံးသပ်ခြင်း၊ ပြင်ဆင်မွမ်းမံခြင်းနှင့် ကြီးကြပ်ခြင်းများပြုလုပ်ရမည်။

(ခ) မူဝါဒဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ အမျိုးသားညီညွတ်ရေးအစိုးရအဖွဲ့သို့(၃)လ (၁)ကြိမ် တင်ပြ အစီရင်ခံရမည်။

(ဂ) မူဝါဒအား စနစ်တကျ အောင်မြင်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်စေရန်အလို့ငှာ လိုအပ်သော အရင်းအမြစ်များ (လူစွမ်းအား၊ ရန်ပုံငွေ၊ နည်းပညာနှင့် အခြားအရာများ) ရရှိနိုင်ရေး အတွက် အမျိုးသားညီညွတ်ရေးအစိုးရ၊ သက်ဆိုင်ရာ ဝန်ကြီးဌာနများအပြင် ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပ အဖွဲ့အစည်းများ ၊ လူပုဂ္ဂိုလ်များတို့နှင့် ချိတ်ဆက်ညှိနှိုင်းပူးပေါင်း ဆောင်ရွက်ရမည်။

(ဃ) မူဝါဒနှင့်ပတ်သက်၍ လိုအပ်သည့် လိင်ပိုင်းဆိုင်ရာထိပါးနှောက်ယှက်ခြင်း၊ အမြတ်ထုတ်ခြင်း နှင့်မဖွယ်မရာပြုခြင်းဆိုင်ရာအချက်အလက်များကို အမျိုးသားညီညွတ်ရေးအစိုးရ၊ သက်ဆိုင်ရာ ဝန်ကြီးဌာနများအပြင် ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပ အဖွဲ့အစည်းများ

လူထုအခြေပြုအဖွဲ့များ ချိတ်ဆက်၍ စနစ်တကျ ကောက်ယူခြင်း၊ စုစည်းခြင်း၊ ပြုစုခြင်းနှင့် ထိန်းသိမ်းခြင်းတို့ကို ပြုလုပ်ရမည်။

(င) မူဝါဒအား အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လိုအပ်သည့် ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်ကြော်ငြာစာများ၊ လုပ်ငန်းလမ်းညွှန်များကို ထုတ်ပြန် နိုင်သည်။

(စ) မူဝါဒနှင့်စပ်လျဉ်း၍ ထုတ်ပြန်ထားသည့် လုပ်ငန်းတာဝန်များကို လက်တွေ့အကောင် အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် အမျိုးသားညီညွတ်ရေးအစိုးရ လက်အောက်ရှိ ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ရမည်။

(ဆ) ဗဟိုကော်မတီ၏ပုံမှန်အစည်းအဝေးကို အနည်းဆုံး နှစ်လလျှင်တစ်ကြိမ် ပြုလုပ်ရမည်။

( ဇ) အယူခံအဖွဲ့ကို ဖွဲ့စည်း၍ အယူခံလုပ်ငန်းများကို ဆောင်ရွက်ပေးရမည်။

(ဈ) လုပ်ငန်းတာဝန်များကို လိုအပ်ချက်ပေါ်မူတည်၍ ပြင်ဆင်ဖြည့်စွက်မှုများ ပြုလုပ်နိုင် သည်။

## ၅.၂ လိင်ပိုင်းဆိုင်ရာ ထိပါးနှောင့်ယှက်ခြင်း၊ အမြတ်ထုတ်ခြင်းနှင့် မဖွယ်မရာပြုခြင်းဆိုင်ရာ အကာအကွယ် ပေးရေး လုပ်ငန်းကော်မတီဖွဲ့စည်းခြင်း

ဗဟိုကော်မတီသည် လုပ်ငန်းကော်မတီကို အောက်ဖော်ပြပါ ဖွဲ့စည်းပုံဖြင့် ဖွဲ့စည်းရမည်။ လုပ်ငန်းကော်မတီ၏သက်တမ်းကို ( ၁ )နှစ် သတ်မှတ်သည်။

(က) အမျိုးသမီး၊ လူငယ်နှင့် ကလေးသူငယ်ရေးရာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဥက္ကဋ္ဌ

(ခ) ကာကွယ်ရေးဝန်ကြီးဌာန၊ တရားရေးဝန်ကြီးဌာန၊ အဖွဲ့ဝင်
ပြည်ထဲရေးနှင့် လူဝင်မှုကြီးကြပ်ရေးဝန်ကြီးဌာနနှင့် လူ့အခွင့်အရေးဝန်ကြီးဌာနတို့မှ
ယခုမူဝါဒအတွက်တာဝန်ခံအဖြစ် သတ်မှတ်ထားသည့်ကိုယ်စားလှယ် (၄) ဦး

(ဂ) အမျိုးသမီးအဖွဲ့အစည်းများမှ ရွေးချယ်ပေးသော ကိုယ်စားလှယ် ( ၁ ) ဦး အဖွဲ့ဝင်

(ဃ) လူငယ်အဖွဲ့အစည်းများမှ ရွေးချယ်ပေးသော ကိုယ်စားလှယ် ( ၁) ဦး အဖွဲ့ဝင်

(င)	ကလေးသူငယ်အရေးဆောင်ရွက်နေသည် အဖွဲ့အစည်းများမှ ရွေးချယ်ပေးသော အဖွဲ့ဝင်

ကိုယ်စားလှယ် (၁) ဦး

(စ)	အမျိုးသမီး၊ လူငယ်နှင့် ကလေးသူငယ်ရေးရာဝန်ကြီးဌာန၊ အတွင်းရေးမှူး

အမျိုးသမီးရေးရာဌာန၊ ညွှန်ကြားရေးမှူး/ ဌာနတာဝန်ခံ

## လုပ်ငန်းတာဝန်များ

လုပ်ငန်းကော်မတီ၏လုပ်ငန်းတာဝန်များမှာအောက်ပါအတိုင်းဖြစ်ပါသည်။ လုပ်ငန်းကော်မတီသည် -

(က) အမျိုးသားညီညွတ်ရေးအစိုးရ၊ ဝန်ကြီးဌာနအားလုံး၏ လက်အောက်တွင်ရှိသော ဝန်ထမ်းများ၊ ပြည်သူ့ကာကွယ်ရေးအဖွဲ့အစည်းဝင်များ၊ ဝန်ကြီးဌာနအား ပံ့ပိုးကူညီကြသူများ၊ မိတ်ဖက်ပြု ထားသူများ နှင့် အခြား ပတ်သက်ဆက်နွယ်သူများကို မူဝါဒအား သိရှိနားလည်လာအောင် အသိပညာပေး ခြင်း လုပ်ငန်းများနှင့် သင်တန်းများဖွင့်လှစ်ပေးခြင်း တို့ကိုဆောင်ရွက်ရမည်။

(ခ) သက်ဆိုင်သူများနှင့်ပူးပေါင်း၍ သတင်းပို့တိုင်ကြားခြင်း နည်းလမ်းများကို အများပြည်သူ နားလည် သိရှိလာစေရန် အသိပညာများပေးခြင်း၊ သင်တန်းများပေးခြင်း တို့ကို ဆောင်ရွက်ရမည်။

(ဂ) လိင်ပိုင်းဆိုင်ရာ ထိပါးနှောင့်ယှက်ခြင်း၊ အမြတ်ထုတ်ခြင်းနှင့် မဖွယ်မရာပြုခြင်းဆိုင်ရာ စွပ်စွဲချက်၊ တိုင်ကြားချက်၊ အကြောင်းကြားချက်များကို စိစစ်မှတ်တမ်းတင်ထားရှိပြီး ဗဟိုကော်မတီသို့ အချိန်နှင့် တစ်ပြေးညီ သတင်းပေးပို့ရမည်။

(ဃ) ဗဟိုကော်မတီ၏လမ်းညွှန်မှုဖြင့် စုံစမ်းစစ်ဆေးခြင်းနှင့် ထိရောက်စွာအရေးယူခြင်းများ ပြုလုပ်နိုင်ရန် သက်ဆိုင်သူများနှင့် ပူးပေါင်း၍ အကောင်အထည်ဖော်ဆောင်ရွက်ရမည်။

(င) လိင်ပိုင်းဆိုင်ရာ ထိပါးနှောင့်ယှက်ခြင်း၊ အမြတ်ထုတ်ခြင်းနှင့် မဖွယ်မရာပြုခြင်းဆိုင်ရာ တိုင်ကြားချက်များ၊ စုံစမ်းစစ်ဆေးမှုများ၊ အရေးယူမှုများနှင့် ဆက်စပ်သည့် အထောက်အထား

စာရွက်စာတမ်းများ၊ အချက်အလက်၊ အကြောင်းအရာများကို သက်ဆိုင်သူများနှင့် တာဝန်ရှိသူများမှလွဲ၍ အခြားမည်သူမျှ သိရှိခြင်းမရှိစေရန် စနစ်တကျ ထိန်းသိမ်း ဆောင်ရွက်ရမည်။

(စ) လိင်ပိုင်းဆိုင်ရာ ထိပါးနှောင့်ယှက်ခြင်း၊ အမြတ်ထုတ်ခြင်းနှင့် မဖွယ်မရာပြုခြင်း ဆိုင်ရာ ကိစ္စရပ်များအား စစ်တမ်းကောက်ယူခြင်းနှင့် မူဝါဒဆိုင်ရာ လုပ်ငန်းအကောင်ထည်ဖော်မှုနှင့် စပ်လျဉ်းသည့်အခြေအနေအား ဆန်းစစ်လေ့လာခြင်းတို့ကို ဗဟိုကော်မတီ၏လမ်းညွှန်မှုနှင့်အညီ နည်းပညာကျွမ်းကျင်သူများ၊ အမျိုးသမီး အစုအဖွဲ့များ၊ လူငယ်နှင့် ကလေးသူငယ်ရေးရာ အရပ်ဖက် အဖွဲ့အစည်း အသီးသီးများနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ရမည်။

(ဆ) မူဝါဒနှင့် စပ်လျဉ်း၍ဆောင်ရွက်ပြီးစီးမှုအခြေအနေများ၊ အခက်အခဲများ၊ စိန်ခေါ်မှုများ၊ တွေ့ရှိချက်၊ သုံးသပ်ချက်နှင့်အကြံပြုချက်များကို ဗဟိုကော်မတီသို့ (၂)လ (၁)ကြိမ် ပုံမှန်အစီအရင်ခံစာများပေးပို့ ရမည်။

(ဇ) လုပ်ငန်းကော်မတီ၏ပုံမှန်အစည်းအဝေးများကို အနည်းဆုံးတစ်လလျှင်တစ်ကြိမ်ပြုလုပ်ရမည်။

## ၅.၃ လိင်ပိုင်းဆိုင်ရာ ထိပါးနှောင့်ယှက်ခြင်း၊ အမြတ်ထုတ်ခြင်းနှင့် မဖွယ်မရာပြုခြင်းဆိုင်ရာ အကာအကွယ် ပေးရေး မြို့နယ်အဆင့်အဖွဲ့ ဖွဲ့စည်းခြင်း

ဗဟိုကော်မတီသည် မြို့နယ်အဆင့်အဖွဲ့များကို အောက်ဖော်ပြပါ ဖွဲ့စည်းပုံဖြင့် ဖွဲ့စည်းရမည်။ မြို့နယ်အဆင့်အဖွဲ့၏သက်တမ်းကို ( ၁ )နှစ် သတ်မှတ်သည်။

| | | |
|---|---|---|
| (က) | ပြည်သူ့အုပ်ချုပ်ရေးအဖွဲ့မှ တာဝန်ပေးအပ်သူ | ဥက္ကဋ္ဌ |
| (ခ) | သက်ဆိုင်ရာဒေသအလိုက်တာဝန်ရှိသူများမှ တာဝန်ပေးအပ်သူ (၂) ဦး | အဖွဲ့ဝင် |
| (ဂ) | အမျိုးသမီးအဖွဲ့အစည်းများမှ ရွေးချယ်ပေးသော ကိုယ်စားလှယ် ( ၁ ) ဦး | အဖွဲ့ဝင် |
| (ဃ) | လူငယ်အဖွဲ့အစည်းများမှ ရွေးချယ်ပေးသော ကိုယ်စားလှယ် ( ၁) ဦး | အဖွဲ့ဝင် |
| (င) | ကလေးသူငယ်အရေးဆောင်ရွက်နေသည် အဖွဲ့အစည်းများမှ ရွေးချယ်ပေးသော အဖွဲ့ဝင် | |

ကိုယ်စားလှယ် (၁) ဦး

(စ) အမျိုးသမီး၊ လူငယ်နှင့် ကလေးသူငယ်ရေးရာဝန်ကြီးဌာနမှ တာဝန်ပေးအပ်သူ အတွင်းရေးမှူး

**လုပ်ငန်းတာဝန်များ**

မြို့နယ်အဆင့်အဖွဲ့များ၏လုပ်ငန်းတာဝန်များမှာအောက်ပါအတိုင်းဖြစ်ပါသည်။

(က) မူဝါဒအား သက်ဆိုင်ရာမြို့နယ်များတွင် လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဒေသဆိုင်ရာနယ်မြေသဘောသဘာဝနှင့် လိုက်လျောညီထွေရှိသည့် အစီအစဉ်များကို လုပ်ငန်းကော်မတီနှင့် ညှိနှိုင်းရေးဆွဲရမည်။

(ခ) အမျိုးသားညီညွတ်ရေးအစိုးရ၊ ဝန်ကြီးဌာနအားလုံး၏ လက်အောက်တွင်ရှိသော ဝန်ထမ်းများ၊ ပြည်သူ့ကာကွယ်ရေးအဖွဲ့အစည်းဝင်များ၊ ဝန်ကြီးဌာနအား ပံ့ပိုးကူညီကြသူများ၊ မိတ်ဖက်ပြုထားသူများနှင့် ယင်းတို့နှင့် ပတ်သက်ဆက်နွယ်သူများကို မူဝါဒအား သိရှိနားလည်လာအောင် အသိပညာပေးခြင်းလုပ်ငန်းများနှင့် သင်တန်းများဖွင့်လှစ်ပေးခြင်း တို့ကိုဆောင်ရွက်ရမည်။

(ဂ) သက်ဆိုင်သူများနှင့်ပူးပေါင်း၍ သတင်းပို့တိုင်ကြားခြင်း နည်းလမ်းများကို အများပြည်သူနားလည်သိရှိလာစေရန် အသိပညာများပေးခြင်း၊ သင်တန်းများပေးခြင်း တို့ကို ဆောင်ရွက်ရမည်။

(ဃ) လိင်ပိုင်းဆိုင်ရာ ထိပါးနှောင့်ယှက်ခြင်း၊ အမြတ်ထုတ်ခြင်းနှင့် မဖွယ်မရာပြုခြင်းဆိုင်ရာ စွပ်စွဲချက်၊ တိုင်ကြားချက်၊ အကြောင်းကြားချက်များကို စိစစ်မှတ်တမ်းတင်ထားရှိပြီး လုပ်ငန်းကော်မတီသို့ အချိန်နှင့် တစ်ပြေးညီ သတင်းပေးပို့ရမည်။

(င) လုပ်ငန်းကော်မတီလမ်းညွှန်မှုဖြင့် တိုင်ကြားစာနှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးရေးအဖွဲ့ကို ပါဝင်သင့်၊ ပါဝင်ထိုက်သည့် ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည်။ ယင်းအဖွဲ့၏ စုံစမ်းစစ်ဆေးတွေ့ရှိချက်များကို သတ်မှတ်ချက်နှင့်အညီ လုပ်ငန်းကော်မတီသို့ အစီရင်ခံတင်ပြရမည်။

(စ) အစီရင်ခံစာအရ လုပ်ငန်းကော်မတီက ချမှတ်ထားသည့် အရေးယူမှုအစီအစဉ်များအတိုင်း သက်ဆိုင်ရာမြို့နယ်များတွင် အချိန်နှင့်တစ်ပြေးညီ ဆက်လက်ဆောင်ရွက်သွားရမည်။

(ဆ) မြို့နယ်အဆင့်အဖွဲ့များ၏ပုံမှန်အစည်းအဝေးများကို အနည်းဆုံးတစ်လလျှင်တစ်ကြိမ် ပြုလုပ်ရမည်။

### ၅.၄ တိုင်းရင်းသားတော်လှန်ရေးအဖွဲ့နယ်မြေများအတွင်း လိင်ပိုင်းဆိုင်ရာ ထိပါး နှောင့်ယှက်ခြင်း၊ အမြတ်ထုတ်ခြင်းနှင့် မဖွယ်မရာပြုခြင်းဆိုင်ရာ အကာအကွယ်ပေးရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အဖွဲ့များ ဖွဲ့စည်းခြင်း

ဗဟိုကော်မတီသည်တိုင်းရင်းသားတော်လှန်ရေးအဖွဲ့များထိန်းချုပ်နယ်မြေများအတွင်း နယ်မြေအလိုက် ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့များကို တိုင်းရင်းသားတော်လှန်ရေးအဖွဲ့တာဝန်ရှိသူများနှင့် ညှိနှိုင်း၍ သင့်လျော်သည့် ဖွဲ့စည်းပုံဖြင့် ဖွဲ့စည်းရမည်။ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့၏ သက်တမ်းကို (၁) နှစ် သတ်မှတ်သည်။ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့၏ လုပ်ငန်းတာဝန်များကိုလည်း ဗဟိုကော်မတီနှင့် တိုင်ရင်းသား တော်လှန်ရေးအဖွဲ့တာဝန်ရှိသူများ ညှိနှိုင်း၍ ရေးဆွဲသတ်မှတ်ရမည်။

## ၆။ တာဝန်နှင့် ဝတ္တရားများ

**ဝန်ထမ်းများ၊ ပြည်သူ့ကာကွယ်ရေးအဖွဲ့အစည်းဝင်များ၊ ဝန်ကြီးဌာနအား ပံ့ပိုးကူညီကြသူများ၊ မိတ်ဖက် ပြုထားသူများနှင့် အခြားပတ်သက်ဆက်နွယ်သူများ**

ဝန်ထမ်းများ၊ ပြည်သူ့ကာကွယ်ရေးအဖွဲ့အစည်းဝင်များ၊ ဝန်ကြီးဌာနအား ပံ့ပိုးကူညီကြသူများ၊ မိတ်ဖက်ပြုထားသူများနှင့် အခြား ပတ်သက်ဆက်နွယ်သူများအားလုံး အောက်ဖော်ပြပါ တာဝန်နှင့် ဝတ္တရား များကို လိုက်နာဆောင်ရွက်ရမည်။

(က) လိင်ပိုင်းဆိုင်ရာ ထိပါးနှောင့်ယှက်ခြင်း၊ အမြတ်ထုတ်ခြင်းနှင့် မဖွယ်မရာပြုခြင်း ဆိုင်ရာ အကာအကွယ်ပေးရေးနှင့်ဆက်စပ်၍ ချိုးဖောက်မှု၊ သံသယရှိမှု၊ စိုးရိမ်မှု တစ်စုံတစ်ရာတွေ့ရှိလာပါက သတ်မှတ်ထားသည့်နည်းလမ်းများအတိုင်း အသိပေးအကြောင်းကြားခြင်း၊ တိုင်ကြားခြင်း တို့ကို ပြုလုပ်ရမည်။

(ခ) လိုအပ်ပါက စုံစမ်းစစ်ဆေးရေးအဖွဲ့များက စုံစမ်းစစ်ဆေးမှုများပြုလုပ်လာပါက ကိုယ်ရေးကိုယ်တာ အချက်အလက်များကို လျှို့ဝှက် စောင့်စည်းထိန်းသိမ်း၍ အပြည့်အဝ ပူးပေါင်းဆောင်ရွက်ရမည်။

(ဂ) မူဝါဒအရ ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကို မိမိတို့အဖွဲ့အစည်းများတွင် ကောင်းစွာ သဘောပေါက် နားလည်ပြီး အကောင်အထည်ဖော်ဆောင်ရွက်ရမည်။

## ၇။ ကျင့်ဝတ်

၁။ ဤမူဝါဒပါအချက်များကိုလေးစား လိုက်နာရမည်။

၂။ အမျိုးသမီး၊ လူငယ်၊ ကလေးသူငယ်နှင့် လိင်စိတ်ကွဲပြားသူများ၏အခွင့်အရေးများနှင့် ဂုဏ်သိက္ခာကို လေးစားစွာ ဆက်ဆံရမည်။

၃။ အမျိုးသားညီညွတ်ရေးအစိုးရနှင့်ပတ်သက်၍ ဆောင်ရွက်ရသည့် လုပ်ငန်းများတွင် မိမိအနေဖြင့် ပါဝင်ဆောင်ရွက်သည့်အခါ မိမိ၏ပြောဆိုပြုမူနေထိုင်မှု ကြောင့် အမျိုးသမီး၊ လူငယ်၊ ကလေးသူငယ်နှင့် လိင်စိတ် ကွဲပြားသူများ အပေါ် လိင်ပိုင်းဆိုင်ရာအန္တရာယ်များကို ကျရောက်မှုမရှိစေရန် ကြိုတင်ပြင်ဆင် ဆောင်ရွက်ရမည်။

၄။ တိုင်ကြားချက်ပါ ကိုယ်ရေးအချက်အလက်များ လုံခြုံရေးနှင့် လျှို့ဝှက်ထိန်းသိမ်းရေးတို့ကို အလေးထားဆောင်ရွက်ရမည်။

၅။ တိုင်ကြားမှုနှင့်ပတ်သက်၍ စစ်ဆေးခြင်းလုပ်ငန်းများတွင် မှတ်တမ်းရယူရန်လိုအပ်ပါက သက်ဆိုင်သူထံမှခွင့်ပြုချက်တောင်းခံခြင်း၊ အသုံးပြုရန်ရည်ရွယ်ထားချက်ကို ရှင်းပြခြင်း၊ အသိပေးခြင်းတို့ကို ဆောင်ရွက်ရမည်။

၆။ အမျိုးသမီး၊ လူငယ်၊ ကလေးသူငယ် နှင့် လိင်စိတ်ကွဲပြားသူများအား ဂုဏ်သိက္ခာကို ထိပါးစေမည့် မည်သည့်အပြုအမူမျိုးကိုမဆို ရှောင်ကြဉ်ရမည်။

၇။ အမျိုးသမီးများ၊ လူငယ်၊ ကလေးသူငယ် နှင့် လိင်စိတ်ကွဲပြားသူများအား မသင့်လျော်သော နည်းလမ်းတစ်ရပ်ရပ်ဖြင့် ကိုင်တွယ်ခြင်း၊ ထိတွေ့ခြင်း သို့မဟုတ် ပွေ့ဖက်ခြင်းတို့ကို ရှောင်ကြဉ်ရမည်။

၈။ အမျိုးသမီးများ၊ လူငယ်၊ ကလေးသူငယ် နှင့် လိင်စိတ်ကွဲပြားသူများအပေါ်မသင့်လျော်သော၊ လိင်ပိုင်းဆိုင်ရာနှိုးဆွစေသော၊ နှစ်လိုဖွယ်မကောင်းသောစကားလုံးများကိုပြောဆိုခြင်းမှ ရှောင်ကြဉ်ရမည်။

## ၈။ သတင်းပို့တိုင်ကြားခြင်း



## ၉။ တိုင်ကြားသူအား အကာအကွယ်ပေးခြင်း

တိုင်ကြားစာပါ ပုဂ္ဂိုလ်များ၊ တိုင်ကြားသူများမှာ မည်သူမည်ဝါဖြစ်ကြောင်းကို ဗဟိုကော်မတီ၊ လုပ်ငန်းကော်မတီ၊ မြို့နယ်အဆင့်အဖွဲ့များ၊ တိုင်းရင်းသားတော်လှန်ရေးဒေသနယ်မြေများရှိ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့များ၊ စုံစမ်းစစ်ဆေးရေး အဖွဲ့ဝင်များနှင့် သိရန်တာဝန်ရှိသူများ မှလွဲ၍ အခြားမည်သူမျှ သိရှိခြင်းမရှိစေရန် လိုအပ်သည့် ကာကွယ် စောင့်ရှောက်မှု အစီအမံများကို တိုင်ကြားလာသူနှင့် ညှိနှိုင်းတိုင်ပင်၍ ဤမူဝါဒပါ လိုက်နာရမည့် ကျင့်ဝတ်များနှင့်အညီ စီစဉ်ဆောင်ရွက် သွားရမည်။

## ၁၀။ အကူအညီပေးခြင်း

**လိုအပ်သောပံ့ပိုးမှုပေးခြင်း**

အမျိုးသမီး၊ လူငယ်နှင့် ကလေးသူငယ်ရေးရာဝန်ကြီးဌာနအနေဖြင့် နစ်နာသူလိုအပ်သည့် အခြေခံဝန်ဆောင်မှုများကို တတ်နိုင်သမျှ အမြန်ဆုံးကူညီဆောင်ရွက်ပေးနိုင်ရန် အတွက် သင့်လျော်သည့် သက်ဆိုင်ရာအဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများ၊ သက်ဆိုင်ရာဒေသရှိ အဖွဲ့များ၊ အကူအညီပေးနိုင်မည့် ပုဂ္ဂိုလ်များတို့နှင့်ချိတ်ဆက်၍ စိတ်ပိုင်းဆိုင်ရာ ရုပ်ပိုင်းဆိုင်ရာ၊ လူမှုရေးဆိုင်ရာ၊ တရားဥပဒေရေးရာဆိုင်ရာ၊ အခြေခံစားဝတ်နေရေးဆိုင်ရာနှင့် အခြားလိုအပ်နိုင်မည့် အကူအညီများကို ပံ့ပိုးဆောင်ရွက်ပေးရမည်။

## ၁၁။ အကောင်အထည်ဖော်ခြင်း

**ကြိုတင်ကာကွယ်ရေး**

အမျိုးသားညီညွတ်ရေးအစိုးရ၊ ဝန်ကြီးဌာနများအားလုံးသည် ဆောင်ရွက်နေသည့် လုပ်ငန်းများ၊ အစီအစဉ်များတွင် လိင်ပိုင်းဆိုင်ရာ ထိပါးနှောက်ယှက်ခြင်း၊ အမြတ်ထုတ်ခြင်း၊ မဖွယ်မရာပြုမူခြင်းတို့ မဖြစ်ပေါ်စေရေးအတွက် အစီအမံများကို ရေးဆွဲသတ်မှတ်၍ အကောင်အထည်ဖော် ဆောင်ရွက်သွားရမည်။

## အသိပညာမြှင့်တင်ပေးခြင်း

ဗဟိုကော်မတီ၊ လုပ်ငန်းကော်မတီ၊ မြို့နယ်အဆင့်နှင့် တိုင်းရင်းသားတော်လှန်ရေးဒေသနယ်မြေများရှိ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ အဖွဲ့ဝင်များအား ၎င်းတို့၏လုပ်ငန်းတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်နိုင်ရေး အတွက် အမျိုးသမီး၊ လူငယ်နှင့် ကလေးသူငယ်ရေးရာဝန်ကြီးဌာနမှလိုအပ်သည့် သင်တန်းများပို့ချပေးရမည်။ ထို့ပြင် လိုအပ်သော နောက်ဆက်တွဲ သင်တန်းများ၊ စွမ်းဆောင်ရည်မြှင့်အစီအစဉ်များ တက်ရောက်နိုင်စေရန် စီစဉ်ဆောင်ရွက် ပေးရမည်။

**စုံစမ်းစစ်ဆေးရေးအဖွဲ့များတွင် ပါဝင်ဆောင်ရွက်မည့်သူများ**ကို လိင်ပိုင်းဆိုင်ရာ ထိပါးနှောက်ယှက်ခြင်း အမြတ်ထုတ်ခြင်းနှင့် မဖွယ်မရာပြုခြင်းကိစ္စရပ်များကို စုံစမ်း စစ်ဆေးရာတွင် လိုအပ်သည့် ကျွမ်းကျင်မှု ရှိစေရေးအတွက် အမျိုးသမီး၊ လူငယ်နှင့် ကလေးသူငယ်ရေးရာဝန်ကြီးဌာနမှ စွမ်းဆောင်ရည်မြှင့်သင်တန်းများ၊ ဆွေးနွေး ပွဲများ၊ စီစဉ်ဆောင်ရွက် ပေးရမည်။

**ဝန်ကြီးဌာနများအား ပံ့ပိုးကူညီကြသူများ၊ မိတ်ဖက်ပြုထားသူများနှင့် အခြားပတ်သက်ဆက်နွယ်သူများ**ကို အမျိုးသားညီညွတ်ရေးအစိုးရနှင့်ဆက်စပ်ပတ်သက် လာသည့်အချိန်မှစ၍ ၁ လအတွင်းတွင်လည်းကောင်း ဝန်ကြီးဌာနများအောက်ရှိဝန်ထမ်းများအားလုံးနှင့် ပြည်သူ့ကာကွယ်ရေး အဖွဲ့အစည်းဝင်များအားလည်းကောင်း အမျိုးသမီး၊ လူငယ်နှင့် ကလေးသူငယ်ရေးရာဝန်ကြီးဌာနမှ တာဝန်ပေးအပ်ထားသည့်လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းမှ ဤမူဝါဒအား အသိပေးရှင်းလင်းဆွေးနွေး ပေးရမည်။ ၎င်းတို့ အနေဖြင့်လည်း ဖော်ပြပါမူဝါဒအား နားလည်သိရှိ၍ လိုက်နာပါမည်ဟု ကတိကဝတ်ပြုထားမှုအား သင့်လျော်မည့်နည်းလမ်းတစ်ခုခုဖြင့် ရယူထားရမည်။ ထို့နောက်

မူဝါဒဆိုင်ရာသင်တန်း သို့မဟုတ် အလုပ်ရုံဆွေးနွေးပွဲကို အနည်းဆုံး တစ်နှစ်လျှင် တစ်ကြိမ် ကျင်းပပေးရမည်။

**အများပြည်သူအားအသိပညာပေးခြင်း၊ တိုင်ကြားမှုစနစ်ထူထောင်ခြင်းနှင့် တိုင်ကြားမှု ယန္တယားကို သိရှိနားလည်စေရန် ဆောင်ရွက်ပေးခြင်း**

ဤမူဝါဒကို အမျိုးသမီးများ၊ ကလေးသူငယ်များ၊ မိဘအုပ်ထိန်းသူများ၊ သက်ဆိုင်ရာ ဒေသအလိုက်တာဝန်ရှိသူများ၊ စစ်ဘေးရှောင်စခန်း၊ ယာယီခိုလှုံရာစခန်းနှင့် ဒေသအသီးသီးရှိ ပြည်သူများကို နားလည်သိရှိအောင် သင့်လျော်သည့်နည်းလမ်းတစ်ခုခု အသုံးပြု၍ ဆောင်ရွက်ပေးရမည်။ ထို့အပြင် ဤမူဝါဒအား လိုက်နာရမည့်သူများက ချိုးဖောက်မှုတစ်စုံတစ်ရာ ရှိလာပါက တိုင်ကြားနိုင်သည့် ယန္တယားများကို ဖော်ပြပါပုဂ္ဂိုလ်များရှိရာ နေရာတိုင်းတွင် အကောင်အထည်ဖော်ထားရှိရမည်။

## ၁၂။ အရေးယူခြင်း

**အရေးယူခြင်း**

ဤမူဝါဒကို ချိုးဖောက်ခြင်း သို့မဟုတ် လိုက်နာရန်ပျက်ကွက်မှုများတွေ့ရှိပါက အောက်ဖော်ပြပါ နည်းလမ်း အတိုင်းအရေးယူရမည်။

**ဝန်ထမ်းများ**

(က) နှုတ်အားဖြင့် သို့မဟုတ် စာဖြင့် သတိပေးတားမြစ်ချက်ထုတ်ပြန်၍ အသိပေးခြင်း၊ ဌာနပြောင်းရွှေ့ခြင်း၊ ရာထူး တာဝန်အား လျှော့ချခြင်း၊ တာဝန်မှ သတ်မှတ်ကာလအထိ ဆိုင်းငံ့ထားခြင်း၊ ဌာနမှ ထုတ်ပယ်ခြင်း

**ဝန်ကြီးဌာနအားပံ့ပိုးကူညီကြသူများ**

(ခ) ပေးအပ်ထားသည့်တာဝန်နှင့် လုပ်ပိုင်ခွင့်များအား ရုပ်သိမ်းခြင်း၊ ဆိုင်းငံ့ခြင်း သို့မဟုတ် ခွင့်ပြုထားသည့် တာဝန်များကို ရုပ်စဲခြင်း

**မိတ်ဖက်ပြုထားသူများနှင့် အခြားပတ်သက်ဆက်နွယ်သူများ**

(ဂ) မိတ်ဖက်ပြုမှုအား ဆိုင်းငံ့ခြင်း၊ ရပ်စဲခြင်း သို့မဟုတ် အခြားသင့်လျော်မည့် အရေးယူမှုများ ပြုလုပ်ခြင်း

(ဃ) ဆက်စပ်ပတ်သက်မှုအား ဆိုင်းငံ့ခြင်း၊ ရပ်စဲခြင်း သို့မဟုတ် အခြားသင့်လျော်မည့်အရေးယူမှုများ ပြုလုပ်ခြင်း

**သင့်လျော်သည့်နည်းလမ်းတစ်ခုခုအရ အရေးယူဆောင်ရွက် ခြင်း**

(င) အထက်ဖော်ပြပါနည်းလမ်းများမဟုတ်ဘဲ ဗဟိုကော်မတီက စစ်ဆေးတွေ့ရှိချက်အပေါ် မူတည်၍ သင့်လျော်မည်ဟုယူဆသည့် အရေးယူမှုတစ်စုံတစ်ရာအားပြုလုပ်ခြင်း

## လွှဲပြောင်းပေးခြင်း

လုပ်ငန်းကော်မတီသည် စုံစမ်းတွေ့ရှိချက်အရ ဤမူဝါဒအားချိုးဖောက်သည့်အပြင် ဥပဒေပြဋ္ဌာန်းချက် တစ်ရပ်ရပ်ကိုပါကျူးလွန်ခြင်း သို့မဟုတ် ဤမူဝါဒအား ချိုးဖောက်ခြင်းမရှိသော်လည်း ဥပဒေပြဋ္ဌာန်းချက် ကို ကျူးလွန်ပါက ဗဟိုကော်မတီ၏ လမ်းညွှန်မှုဖြင့် သက်ဆိုင်ရာအဖွဲ့အစည်းနှင့် တရားစွဲအဖွဲ့အစည်း ထံသို့ အကြောင်းကြား၍ ဆက်လက် အရေးယူဆောင်ရွက် နိုင်ရန် လွှဲပြောင်း ပေးရမည်။

## မှတ်တမ်းပြုစုခြင်း

ဗဟိုကော်မတီ၊ လုပ်ငန်းကော်မတီ၊ မြို့နယ်အဆင့်အဖွဲ့များနှင့် တိုင်းရင်းသားတော်လှန်ရေးဒေသ နယ်မြေများရှိ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့များတို့၏ ဆောင်ရွက်ချက်များ၊ စုံစမ်းစစ်ဆေး တွေ့ရှိချက် များ၊ အရေးယူမှုများ၊ ဆုံးဖြတ်ချက်များကို မူဝါဒပါ လိုက်နာရမည့် ကျင့်ဝတ်နှင့်အညီ မှတ်တမ်းများ အဖြစ် ပြုစုထိန်းသိမ်းထားရမည်။

## ၁၃။ အယူခံခြင်း

**အယူခံအဖွဲ့ဖွဲ့စည်းခြင်း**

ဗဟိုကော်မတီ၏ဥက္ကဋ္ဌက ဦးဆောင်၍ သင့်လျော်သော ဗဟိုကော်မတီဝင်များနှင့်အတူ အယူခံအဖွဲ့ကို ဖွဲ့ရမည်။

**အယူခံဝင်ခြင်း**

(က) လုပ်ငန်းကော်မတီသည် စုံစမ်းစစ်ဆေးရေးအဖွဲ့၏ ပေးပို့လာသည့် စစ်ဆေးတွေ့ရှိချက်များအရ ဆုံးဖြတ်ချက် ချမှတ်ရမည်။

(ခ) လုပ်ငန်းကော်မတီ၏ဆုံးဖြတ်ချက်ကို ကျေနပ်မှုမရှိပါက ဆုံးဖြတ်ချက်ချမှတ်သည့်နေ့မှ ရက်ပေါင်း(၃၀ )အတွင်း ဗဟိုကော်မတီသို့ သက်မှတ်ချက်နှင့်အညီ အယူခံဝင်နိုင်သည်။

(ဂ) ဗဟိုကော်မတီသည် လုပ်ငန်းကော်မတီကချမှတ်သည့် ဆုံးဖြတ်ချက်အပေါ် အတည်ပြုခြင်း၊ ပြင်းပယ်ခြင်း၊ သို့မဟုတ် ပယ်ဖျက်ခြင်းပြုနိုင်သည်။

(ဃ) ဗဟိုကော်မတီ၏ဆုံးဖြတ်ချက်သည် အပြီးပြတ်ဖြစ်စေရမည်။

## ၁၄။ စောင့်ကြည့်လေ့လာခြင်းနှင့် ပြန်လည်သုံးသပ်ခြင်း

ဤမူဝါဒအား လက်တွေ့အကောင်အထည်ဖော်ရာတွင် အမှန်တကယ်ဆောင်ရွက်နိုင်မှုအခြေအနေ၊ အားသားချက်များ၊ အားနည်းချက်များ ပြုပြင်ရမည့်အချက်များ၊ သင်ယူလေ့လာရမည့်အချက်များကို ပုံမှန်ဆောင်ရွက်နိုင်ရေးအတွက် ဗဟိုကော်မတီအဖွဲ့ဝင်များ၊ လုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ သက်ဆိုင်ရာ ကျွမ်းကျင်သူများ အဖွဲ့မှ ကိုယ်စားလှယ်များဖြင့် “စောင့်ကြည့်လေ့လာရမည့်မူဘောင်” တစ်ရပ်ကို ချမှတ်ရမည်၊

အမျိုးသမီး၊ လူငယ်၊ ကလေးသူငယ်များနှင့် လိင်စိတ်ကွဲပြားသူများ အပေါ် ကျရောက်နိုင်သည့် လိင်ပိုင်းဆိုင်ရာ ထိပါးနှောက်ယှက်ခြင်း၊ အမြတ်ထုတ်ခြင်းနှင့် မဖွယ်မရာပြုခြင်းများကို အနည်းဆုံး ၆လ ၁ ကြိမ် ဆန်းစစ်လေ့လာ၍ လိုအပ်သော အစီအစဉ်များကိုရေးဆွဲအကောင်ထည်ဖော်ခြင်း၊

အစီရင်ခံစာများ ထုတ်ပြန်ခြင်း၊ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို အမျိုးသားညီညွတ်ရေး အစိုးရ အဖွဲ့နှင့် အခြားသက်ဆိုင်ရာသို့ အခါအားလျော်စွာ အစီရင်ခံစာ များပေးပို့ခြင်း တို့ကို ဆောင်ရွက်သွားရမည်။

**ပြန်လည်သုံးသပ်ခြင်းနှင့် ပြင်ဆင်မှုများပြုလုပ်ခြင်း**

ယခုမူဝါဒအား အနည်းဆုံး ၁ နှစ်လျှင် ၁ကြိမ် ပြန်လည်သုံးသပ် ပြင်ဆင်မှုများကို ဆောင်ရွက်သွားပါမည်။ သို့သော် လိုအပ်ချက်များရှိလာပါက အခါအားလျော်စွာ ပြန်လည်သုံးသပ် ပြင်ဆင်မှုများကိုလည်း ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

## ၁၅။ ဆက်စပ်မူဝါဒ

နောက်ဆက်တွဲ (၁) ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလတွင် အမျိုးသမီး၊ လူငယ်နှင့် ကလေးသူငယ်ရေးရာ ဝန်ကြီးဌာနမှ အတည်ပြု ထားသည့် “ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေးမူဝါဒ”

## နောက်ဆက်တွဲ (၁)

# Ministry of Women, Youth and Children Affairs – NUG

# Child Protection Policy

### 1. Background and Purpose

The National Unity Government of Myanmar (NUG), the legitimate government of Myanmar was formed in response to the Coup d'état that occurred on 1 February 2021. The cabinet includes lawmakers elected in the 2020 election, members of ethnic groups, civil society and key figures in the anti-coup protest. The Ministry of Women, Youth and Children Affairs is at the forefront of history as the first ministry in Myanmar created to respond to the needs and challenges of vulnerable populations of Myanmar.

This Child Protection Polity has been developed after many consultations, meetings and discussions with the technical support of many groups and individual and it seeks to contribute to the protection and promotion of the rights of children in Myanmar by providing social health and social welfare services to them and puts forward plans and policies to help the Ministry achieve its objectives. The priorities of the ministry are:

- To protect women, youth, and children from human rights violations, and to ensure their enjoyment of human rights throughout this period of transition.

- To provide for the safety, basic needs and survival of women, youth, and children.
- To promote women, youth, and children's meaningful participation in the building of a federal democratic nation.

Children are our future and hope. The Ministry of Women, Youth and Children believes that this Child Protection Policy can provide direction, guidance, and a positive future for the children of Myanmar. Despite the terrible conditions faced by our people and the impact that the ongoing oppression and violence of the military junta has had on the most vulnerable in our society, we believe that the children of Myanmar will be victorious and realise our visions of a free, peaceful, democratic country.

This child protection policy outlines the expectations of **Ministry of Women, Youth and Children Affairs – NUG** (and associates) to ensure children encountered during operations, are protected from abuse and otherwise harmful situations.

**2. Responsibilities**

All **Ministry of Women, Youth and Children Affairs – NUG** representatives are responsible for ensuring that they are aware of and adhere to the policy. This includes MoWYCA staff, partners, consultants, interns and volunteers.

**3. Policy**

3.1 Whosoever work directly with children (a child is defined as anyone under 18 years of age) MoWYCA staff, partners, consultants, interns and volunteers are expected to report any incidence that they witness or suspect that a child has been the victim of exploitation, abuse or neglect.

3.2 All MoWYCA member and representatives must treat children with respect and must never be involved in any incidents of child abuse and exploitation, including sexual exploitation, or any circumstances which shame, degrade or victimize children. When making images of children e.g. photographs, videos, staff will ensure that they are respectful, that the children are adequately clothed and that sexually suggestive poses

are avoided. Images used publicly must have the consent of both the child and his/her parents/guardian.

3.3 Any abuse or exploitation of children is an offense of gross misconduct which may lead to dismissal and any allegations made against them will be investigated under the MoWYCA disciplinary procedures. MoWYCA may also refer the case for criminal investigation and prosecution by the appropriate authorities.

3.4 Child safeguarding/protection training will be available and delivered to all staff, representatives and relevant staff of partners. Training will include a review of the Child Protection Policy, guidance on promoting a culture where children's rights are observed, how to identify potential harm to children, and how to report allegations and suspicions of abuse.

3.5 MoWYCA receiving funds or budgets from government and donors with relevant requirements must comply with those child safeguarding/protection requirements.

3.6 All MoWYCA agreements must include language about safe recruiting, reporting suspected or known policy violations, and conducting risk assessments to ensure the safety of children during its programming activities.

3.7 MoWYCA Staff responding to allegations of child abuse, including sexual exploitation an abuse, must be trained and guided by the highest standards and practices within the sector to promote healthy reactions to the affected child(ren) and reduce the probability of creating or compounding harm.

3.8 The best interests and safety of the child(ren) and witnesses must be paramount to any response undertaken in order to protect their safety, physical and psychological health and welfare, and to respect their rights to confidentiality, equality and access to justice.

3.8 MoWYCA staff are required to cooperate and participate in any internal or external investigation and maintain the appropriate levels of confidentiality. Failure to avail

oneself, destruction or withholding evidence, or refusal to cooperate with the investigation, will result in disciplinary action, up to and including termination.

**Procedure and Code of Conduct**

All staff members, representatives of the Ministry and our partners must demonstrate the highest standards of behavior conduct towards children both in private and professional lives. The staff members have responsibility to understand and promote the child safeguarding system, procedures and code of conduct. They must do all that they can to prevent, report and respond immediately to any child safeguarding concerns. The staff members ensure that

- Any incidents of harm or risk of harm to children will directly reported to the Ministry
- Any individuals with access to children will have a current clean background check of offense against of children
- The child safeguarding obligations will be communicated to, and acknowledge by all staff members from the Ministry and partners
- The staff members are careful about perception and appearance in their language, actions, and relationships with children
- The staff members ensure that all physical and online contact with children is appropriate in the local culture
- The staff members use positive, non-violence methods to manage children's behavior
- The staff members accept responsibilities for personal behaviors and actions as a representative of the Ministry
- Immediately report through established reporting mechanism any known or suspected safeguarding incident or breach of this policy by the Ministry staff

- Children who are the primary beneficiaries of the subjects of the text, photos, and/or video resource gathering by the Ministry must provide consent. If primary subject is a child, written consent is also collected from the parent, guardian, or legally required entity or individual.
- The ministry is required to investigate and respond to reports of child abuse in child programming works in different organizations and partners in ways which are consistent with local law.
- The Ministry provides information on how to report child abuse, sexual exploitation and abuse, or other breaches of behaviors protocols by the staff.

**Conclusion**

The ministry is focusing the child protection policy, emphasizes the unique vulnerabilities and special protection requirements for children. Especially, the importance of preventing sexual exploitation and abuse, in particular, among the other forms of children beneficiaries. The high standards of safeguarding system must be applied across of the Ministry's programs, staff members and volunteers including our implementing partners.

The system (policy) covers all forms of child abuse, which are sexual abuse, physical abuse, emotional abuse, neglect, and exploitation. The Ministry has a Zero tolerance to child abuse and sexual exploitation of children by our staff, volunteers and those who represent on behalf of the ministry.

The ministry works to empower children as a citizen and participate their well-being, and to minimize any risk of harm or negative consequences resulting from participating in activities promoted by ministry. Child participation activities are designed and implemented to adhere to principles and ethnics which keep the best interest of the children as the priority.

**CHILD SAFEGUARDING/POLICY ACKNOWLEDGEMENT**

I acknowledge that I have been provided with and have reviewed **Ministry of Women, Youth and Children Affairs** Policy & Procedures on Child Protection Policy with the effective date of ...................................... ...............

I agree to comply with all aspects of the Policy & Procedures, and I understand that my ongoing compliance with the Policy & Procedures is a condition required for my participation, implementation and any visits to program sites or any other **Ministry of Women, Youth and Children Affairs** activities.

This Child Safeguarding/Protection Acknowledgement shall have effect for a period of two (2) years from

the date on which it has been signed as indicated below.

Signature: ________________________________________

Name: ____________________________________________

Location: __________________________________

Date:_____________

Approved by – Minister, Ministry of Women, Youth and Children Affairs – NUG

Date – December, 2021